# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ကရင်ပြည်နယ်အစိုးရအဖွဲ့

## ကရင်ပြည်နယ်ပုဂ္ဂလိကမော်တော်ယာဉ်များ

## စနစ်တကျပြေးဆွဲရေးဥပဒေ

ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- | --- |
| ၁။ | အခန်း(၁) | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁–၂ |
| ၂။ | အခန်း(၂) | ရည်ရွယ်ချက်များ | ၂ |
| ၃။ | အခန်း(၃) | ကော်မတီဖွဲ့စည်းခြင်း | ၃ |
| ၄။ | အခန်း(၄) | ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၃–၆ |
| ၅။ | အခန်း(၅) | ဘဏ္ဍာရေး | ၆–၇ |
| ၆။ | အခန်း(၆) | ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းစစ်ဆေးခြင်း | ၇–၈ |
| ၇။ | အခန်း(၇) | အခွန်အခများ သတ်မှတ်ကောက်ခံခြင်း | ၈ |
| ၈။ | အခန်း(၈) | ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခံစားခွင့် | ၈–၉ |
| ၉။ | အခန်း(၉) | စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း | ၉ |
| ၁၀။ | အခန်း(၁၀) | အယူခံဝင်ခြင်း | ၉–၁၀ |
| ၁၁။ | အခန်း(၁၁) | ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၀ |
| ၁၂။ | အခန်း(၁၂) | အထွေထွေ | ၁၀–၁၁ |

# ကရင်ပြည်နယ်ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ

(၂၀၁၅ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ်– ၃ ။)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

(၂၀၁၅ ခုနှစ်၊ ဩဂုတ် လ ၂၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)ပုဒ်မ ၁၈၈၊ ဇယား ၂၊ အပိုဒ် ၆၊ အပိုဒ်ခွဲ (ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ကရင်ပြည်နယ်အတွင်း ပုဂ္ဂလိကမော်တော်ယာဉ်များစနစ်တကျပြေးဆွဲရေး ကြီးကြပ်ရန်အတွက် ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ကရင်ပြည်နယ် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်–

(က) **ပြည်နယ်** ဆိုသည်မှာ ကရင်ပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ ပြည်နယ်အတွင်းပြေးဆွဲနေသော ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းများအား စနစ်တကျကြီးကြပ်ရန် ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(စ) **ကော်မတီရုံး** ဆိုသည်မှာ ကော်မတီ၏ရုံးလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် ဖွဲ့စည်းတည်ထောင်ထားသောရုံးကို ဆိုသည်။

(ဆ) **ရုံးအဖွဲ့မှူး** ဆိုသည်မှာ ကော်မတီရုံး၏ဝန်ထမ်းအကြီးအမှူးကို ဆိုသည်။

(ဇ) **ပုဂ္ဂလိကမော်တော်ယာဉ်** ဆိုသည်မှာ နိုင်ငံပိုင်မော်တော်ယာဉ်မဟုတ်သော စီးပွားရေးအလို့ငှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သည့် တည်ဆဲဥပဒေများအရ မှတ်ပုံတင်ထားပြီးဖြစ်သော ပုဂ္ဂလိကပိုင်မော်တော်ယာဉ်ကို ဆိုသည်။

(ဈ) **မော်တော်ယာဉ်လုပ်ငန်း**ဆိုသည်မှာ ပုဂ္ဂလိကပိုင်မော်တော်ယာဉ်ကိုအသုံးပြု၍ စီးပွားရေး အလို့ငှာ ငှားရမ်းခ၊ သယ်ပို့ခ၊ အကျိုးကျေးဇူးတစ်စုံတစ်ရာအတွက် လုပ်ကိုင်သောလုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ပုဂ္ဂလိကပိုင် ယာဉ်တစ်စီးကိုလည်းကောင်း၊ တစ်စီးထက်ပို၍ လည်းကောင်း အသုံးပြု၍ ခရီးသည်၊ ကုန်ပစ္စည်းများလုည့်လည် ရောင်းချခြင်း၊ ကြိုပို့ခြင်းနှင့် စင်းလုံးငှားခြင်း လုပ်ငန်းများပါဝင်သည်။

(ည) **မော်တော်ယာဉ်အသင်း**ဆိုသည်မှာ ဤဥပဒေနှင့်အညီ မော်တော်ယာဉ်လုပ်ငန်းအတွက် တူညီသောရည်ရွယ်ချက်ဖြင့် မော်တော်ယာဉ်ပိုင်ရှင်များ ပါဝင်ဖွဲ့စည်းထားသည့် အသင်းကိုဆိုသည်။

(ဋ) **မော်တော်ယာဉ်ဂိတ်** ဆိုသည်မှာ လုပ်ငန်းအမျိုးအစားလိုက်လုပ်ကိုင်သောမော်တော်ယာဉ်အသင်းဝင်ယာဉ်များရပ်နားခြင်း၊ ထွက်ခွာခြင်းပြုရန် သတ်မှတ်ထားသည့် နေရာကိုဆိုသည်။

(ဌ) **မော်တော်ယာဉ်လိုင်း** ဆိုသည်မှာ ဒေသတစ်ခုနှင့် တစ်ခုသို့ ခရီးစဉ်အတိုင်း သယ်ယူပို့ဆောင် ပြေးဆွဲခြင်းကို ဆိုသည်။

(ဍ) **မော်တော်ယာဉ်ပိုင်ရှင်**ဆိုသည်မှာ ကော်မတီ၏ကြီးကြပ်မှုအောက်ရှိ ပုဂ္ဂလိကမော်တော်ယာဉ်၏ပိုင်ရှင်ကို ဆိုသည်။

(ဎ) **ယာဉ်လုပ်သား**ဆိုသည်မှာ ကော်မတီ၏ကြီးကြပ်မှုအောက်၌ ပြေးဆွဲနေသော ယာဉ်တွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်အဖြစ် ကော်မတီက အသိအမှတ်ပြုခံရသူများကို ဆိုသည်။

(ဏ) **မော်တော်ယာဉ်ရပ်နားစခန်း**ဆိုသည်မှာ မော်တော်ယာဉ်များအလိုက် ယာဉ်အသီးသီး ရပ်နားခြင်း၊ ထွက်ခွာခြင်းပြုရန် သတ်မှတ်ထားသည့်နေရာကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခရီးသွားပြည်သူများ၊ ကုန်ပစ္စည်းများလုံခြုံမှုနှင့်အန္တရာယ်ကင်းရှင်းစေရန်၊

(ခ) သယ်ယူပို့ဆောင်မှုလုပ်ငန်းစနစ်တကျရှိစေရန်၊

(ဂ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သက်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန်၊

(ဃ) ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ထိုက်သင့်သည့်အခွန်ဘဏ္ဍာငွေရရှိစေရန်၊

(င) ကြီးကြပ်မှုကော်မတီဖွဲ့စည်းပုံများ စနစ်တကျရှိစေရန်။

## အခန်း(၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ဝန်ကြီးကိုဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးကို အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် မော်တော်ယာဉ် စနစ်တကျပြေးဆွဲရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူအဖြစ် အစိုးရအဖွဲ့မှ ရွေးချယ်ပေးသူများကိုအဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သည့် ပြည်နယ်အဆင့်ကော်မတီကို ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသောကော်မတီကို လိုအပ်သလိုပြောင်းလဲပြင်ဆင် ဖြည့်စွက်ဖွဲ့စည်းနိုင်သည်၊

(ဂ) ကော်မတီ၏သက်တမ်းမှာ ( ၃ ) နှစ်ဖြစ်သည်။

၅။ ပြည်နယ်အဆင့်ကော်မတီသည် မြို့နယ်အဆင့်ကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) မြို့နယ်အဆင့်ကော်မတီဖွဲ့စည်းရာတွင် မြို့နယ်အသီးသီးရှိ ပုဂ္ဂလိက မော်တော်ယာဉ်အသင်းများ၏ ယာဉ်ပိုင်ရှင်အနည်းဆုံးအဖွဲ့ဝင်(၅)ဦးမှ (၉)ဦးအထိ ပါဝင်သော ကော်မတီကို များရာမဲဆန္ဒအရ သတ်မှတ်နည်းဥပဒေနှင့်အညီ ရွေးချယ်ရမည်၊

(ခ) ပုဒ်မခွဲ(က)ပါ ရွေးချယ်ခံရသူများထဲမှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်တို့ကို များရာဆန္ဒမဲဖြင့် ရွေးချယ်ရမည်၊

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသည့် မြို့နယ်အဆင့်ကော်မတီများကို လိုအပ်သလို ပြင်ဆင်ပြောင်းလဲဖြည့်စွက်ဖွဲ့စည်း နိုင်သည်၊

(ဃ) ကော်မတီ၏သက်တမ်းမှာ ( ၃ )နှစ် ဖြစ်သည်။

## အခန်း(၄)
## ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ပြည်နယ်အဆင့်ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဤဥပဒေပါ ရည်ရွယ်ချက်ပြည့်မီပြင်အောင် ဆောင်ရွက်နိုင်ရန် တည်ဆဲဥပဒေများနှင့်အစိုးရအဖွဲ့မှ ချမှတ်ပေးသော အခြေခံမူများနှင့်အညီ လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်း၊ လမ်းညွှန်ကွပ်ကဲခြင်း၊

(ခ) တည်ဆဲယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတိုင်းလိုက်နာရန် လိုအပ်သော စည်းကမ်းချက်များကို ထုတ်ပြန်ခြင်း၊

(ဂ) သယ်ယူပို့ဆောင်ရေးကွန်ယက်စနစ် ပေါ်ထွန်းစေရေးအတွက် လုပ်ငန်းအစီအစဉ်ရေးဆွဲချမှတ်ခြင်း၊

(ဃ) ကော်မတီအသီးသီးနှင့် မော်တော်ယာဉ်အသင်းများ စနစ်တကျရှိရေးအတွက် ဆန်းစစ်သည့်စနစ်ချမှတ်ခြင်း၊ စစ်ဆေးခြင်းနည်းလမ်းနှင့်ကူညီဆောင်ရွက်သည့်နည်းလမ်းများ ဖော်ဆောင်ပေးခြင်း၊

(င) မော်တော်ယာဉ်လုပ်ငန်း အစဉ်တိုးတက်ရေးအတွက် တည်ဆဲဥပဒေ ၊ လိုအပ်သော စည်းမျဉ်းစည်းကမ်း ၊ လုပ်ထုံးလုပ်နည်းများကိုလိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) ခေတ်မီ ပို့ဆောင်ရေးစနစ်ဖြစ်ထွန်းရန် ပတ်ဝန်းကျင်အရည်အသွေး စံချိန်သတ်မှတ်ချက်နှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းမြှင့်တင်ရေးတို့အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်စေခြင်း၊

(ဆ) ယာဉ်လုပ်သားတို့၏ဘဝမြှင့်တင်ရေး၊ လုပ်ငန်းဆိုင်ရာအခက်အခဲ အငြင်းပွားမှုနှင့် အခြားပြဿနာအပေါ်ဖြေရှင်းပေးနိုင်ရန် လိုအပ်သောအထောက်အကူပြုခြင်း၊

(ဇ) ကော်မတီအသီးသီး၏ လုပ်ငန်းဆိုင်ရာဆောင်ရွက်ချက်၊ ဘဏ္ဍာငွေဆိုင်ရာကိစ္စ၊ ဝန်ထမ်းရေးရာကိစ္စများတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်း ရှိ /မရှိ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဈ) အစိုးရအဖွဲ့မှ အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ ပြည်နယ်အဆင့် ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီ၏ရည်ရွယ်ချက် အခြေခံမူများအောင်မြင်ရန်အတွက် သက်ဆိုင်ရာများနှင့် ဆက်သွယ်၊ အကြံပြုတောင်းခွင့်၊ ဖိတ်ကြားဆွေးနွေးခွင့်ရှိခြင်း၊

(ခ) မော်တော်ယာဉ်လုပ်ငန်း လုပ်ကိုင်လိုသော ပုဂ္ဂိုလ်များနှင့်အသင်းများအား ကော်မတီတွင် မှတ်ပုံတင်၍လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ပုဂ္ဂလိကမော်တော်ယာဉ်များ၏ လုပ်ငန်းဆောင်ရွက်ချက်အပေါ် ဥပဒေနှင့်အညီ ဖြစ်စေရန် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အသင်းများ၏ယာဉ်အင်အား၊ တာဝန်ချထားမှုကိုစိစစ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း၊

(င) ဝန်ထမ်းခန့်ထားရေးနှင့် ကော်မတီဝင်အကျိုးခံစားခွင့်ကိစ္စဆုံးဖြတ်ခြင်း၊

(စ) ပြည်နယ်အတွင်းပြေးဆွဲသွားလာသော ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်သည့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အဖွဲ့အစည်းများနှင့်ညှိနှိုင်းခွင့်ရှိခြင်း၊

(ဆ) အစိုးရအဖွဲ့မှ အခါအားလျော်စွာပေးအပ်သော လုပ်ပိုင်ခွင့်များကိုဆောင်ရွက်ခြင်း။

၈။ မြို့နယ်အဆင့် ကော်မတီအသီးသီး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ သက်သာချောင်ချိရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်ချောမွေ့စေရေးတို့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်း၊

(ခ) မော်တော်ယာဉ်ပိုင်ရှင်နှင့်ယာဉ်လုပ်သားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်ခြင်း၊

(ဂ) မော်တော်ယာဉ်အသင်းများ စနစ်တကျစုစည်းညီညွတ်မှုရှိစေရေးနှင့် စည်းကမ်းရှိစေရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဃ) မော်တော်ယာဉ်လုပ်ငန်းတိုးတက်ရေးအတွက် ပြည်နယ်အဆင့်ကော်မတီ၏ သဘောတူညီချက်ဖြင့် လုပ်ငန်းများတိုးချဲ့တည်ထောင်ဆောင်ရွက်ခြင်း၊

(င) မော်တော်ယာဉ်လိုင်းများ၊ မော်တော်ယာဉ်အသင်းများ လွှဲပြောင်းမှတ်ပုံတင်ခြင်းနှင့် မော်တော်ယာဉ်လုပ်ငန်း စနစ်တကျရှိစေရေး၊ မှတ်ပုံတင်ခြင်းမရှိသော မော်တော်ယာဉ်များဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်မပြုရေးအတွက် ထိန်းသိမ်းကြီးကြပ်ဆောင်ရွက်ခြင်း၊

(စ) မော်တော်ယာဉ်လုပ်ငန်းတွင် မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်များ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော မော်တော်ယာဉ်များဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်မပြုခြင်း၊

(ဆ) မော်တော်ယာဉ်လိုင်းများ၊ ဂိတ်များ၊ အသင်းများ၊ ခရီးစဉ်များ၊ ကုန်စည်ဂိတ်များ၊ ကုန်တင်ကုန်ချ ပြုလုပ်ရန်နေရာများ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးနှုန်းထားများ သတ်မှတ်ရေးအတွက် ပြည်နယ်အဆင့်ကော်မတီ၏ သဘောတူညီချက်ဖြင့်ဆောင်ရွက်ခြင်း၊

(ဇ) သဘာဝဘေးအန္တရာယ်အပါအဝင် အများပြည်သူအကျိုးနှင့် အခြားအရေးပေါ်ကိစ္စများတွင် အသုံးပြုရန် အစိုးရအဖွဲ့၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာနှင့် ပြည်နယ်အဆင့်ကော်မတီမှ တာဝန်ပေးအပ်လာသည့်အခါ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဈ) ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များ မိမိ၏ စီမံခန့်ခွဲမှုအောက်သို့ ပိုမိုဝင်ရောက်လာစေရန် စည်းရုံးဆောင်ရွက်ရမည့်အပြင် ယာဉ်ပိုင်ရှင်များအား လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးခြင်း၊

(ည) ရုံးအဆောက်အဦ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ရုံးသုံးစာရေးကိရိယာများဝယ်ယူခြင်း၊ သုံးစွဲခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းအတွက် စီမံခန့်ခွဲခြင်း၊

(ဋ) လစဉ်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံစာ၊ အစည်းအဝေးမှတ်တမ်း၊ ငွေစာရင်းရှင်းတမ်းနှင့် စာရင်းဇယားများကို အချိန်မီပြုစုတင်ပြရန်စီမံဆောင်ရွက်ခြင်း၊

(ဌ) ကော်မတီအစည်းအဝေးကိုလစဉ် အနည်းဆုံးတစ်ကြိမ်ကျင်းပဆောင်ရွက်ရေးနှင့် အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းများကို ပြည်နယ်အဆင့်ကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း၊

(ဍ) ပြည်နယ်အဆင့်ကော်မတီက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ မြို့နယ်အဆင့်ကော်မတီအသီးသီး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အောက်ဖော်ပြပါပုဂ္ဂလိက မော်တော်ယာဉ်များကို ကြီးကြပ်ရမည်-

(၁) ခရီးသည်တင်ယာဉ်များ၊ စင်းလုံးငှားယာဉ်များ၊ ကြို/ပို့ ယာဉ်များ၊

(၂) ကုန်စည်ပို့ဆောင်ရေး၊ လှည့်လည်ရောင်းချရေးယာဉ်များ၊

(၃) မော်တော်ယာဉ်လိုင်းများ၊ မော်တော်ယာဉ်ရပ်နားစခန်းများ၊ မော်တော်ယာဉ်ဂိတ်များ၊

(ခ) ဤဥပဒေအရ အကျုံးဝင်သည့်ပုဂ္ဂိုလ်၊ မော်တော်ယာဉ်လိုင်းများ၊ မော်တော်ယာဉ်အသင်းနှင့် ဝန်ထမ်းများအား စနစ်တကျစီမံဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲ ခြင်း၊ အဖွဲ့ဖြင့်စစ်ဆေးခြင်း၊ ကြီးကြပ်ညှိနှိုင်းပေါင်းစပ်ခြင်း၊ လိုအပ်ပါကသက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်း၊

(ဂ) ဖွဲ့စည်းထားသည့် ဆပ်ကော်မတီအဆင့်ဆင့်အား ကြီးကြပ်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အသင်း၊ ယာဉ်လိုင်း၊ ဂိတ်နှင့် ယာဉ်ရပ်နားစခန်းများ လိုက်နာရန်လိုအပ်သောစည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ဃ) ပြည်နယ်အဆင့်ကော်မတီ၏ သဘောတူညီချက်ဖြင့် ဝန်ထမ်းများခန့်ထားခြင်း၊ ၎င်းတို့၏ရာထူးနှင့်ခံစားခွင့်များ သတ်မှတ်ပေးခြင်း၊ ချမှတ်ထားသောစည်းကမ်းချက်များကိုလိုက်နာရန်ပျက်ကွက်သည့် ဝန်ထမ်းအား အရေးယူအပြစ်ပေးခြင်း၊ ဝန်ထမ်းရေးရာကိစ္စများကို စီမံဆောင်ရွက်ခြင်း၊

(င) ပြည်နယ်အဆင့်ကော်မတီက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ပိုင်ခွင့်များကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း(၅)

## ဘဏ္ဍာရေး

၁၀။ မြို့နယ်အဆင့်ကော်မတီများသည်-

(က) ဥပဒေနှင့်အညီရရှိသော မိမိရန်ပုံငွေဖြင့်ရပ်တည်ရမည်၊

(ခ) ရငွေများကိုကော်မတီက သတ်မှတ်သည့် ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထားရှိရမည်၊

(ဂ) နိုင်ငံခြားရငွေများကို ကော်မတီကသတ်မှတ်ထားသည့် ဘဏ်တွင်ငွေစာရင်း ဖွင့်လှစ်ထားရှိရမည်၊

(ဃ) ရန်ပုံငွေသုံးစွဲခြင်းကို အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်သာ ထုတ်ယူသုံးစွဲခွင့်ရှိပြီး ငွေစာရင်း လုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းစစ်ဆေးမှုကို ခံယူရမည်၊

(င) ဘဏ်တွင်စုဆောင်းထားရှိသည့် ရန်ပုံငွေများကို လုပ်ငန်းတိုးတက်စေရန်နှင့် ရန်ပုံငွေတိုးပွားစေရန်ပြည်နယ်အဆင့်ကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သလိုရင်းနှီးမြှုပ်နှံမှုပြုနိုင်သည်၊

(ဃ) ကျပ်သိန်း (၂၀) နှင့်အထက်ရင်းနှီးမြှုပ်နှံခြင်းများနှင့် ငွေလုံးငွေရင်းသုံးစွဲမှု ကိစ္စရပ်များတွင်ပြည်နယ်အဆင့်ကော်မတီ ခွင့်ပြုချက်ဖြင့်သာသုံးစွဲရမည်၊

(င) မော်တော်ယာဉ်လုပ်ငန်း လုပ်ကိုင်သူများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများ၊ ကော်မတီ ဝန်ထမ်းများ၏သက်သာချောင်ချိရေးလုပ်ငန်းများကို ဥပဒေပါ သတ်မှတ်ခွင့်ပြုထားချက်နှင့်အညီ ကျခံသုံးစွဲခွင့်ရှိသည်၊

(စ) ရငွေများအားဘဏ်ငွေစာရင်းသို့ ထည့်သွင်းခြင်းကို ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးတို့၏တာဝန်ပေးချက်အရ ရုံးအဖွဲ့မှူးတစ်ဦးတည်းဖြင့် ပေးသွင်းနိုင်သော်လည်း ငွေထုတ်ယူခြင်းကို ရုံးအဖွဲ့မှူး၊ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးတို့နှင့် ပူးတွဲလက်မှတ်ရေးထိုး၍သာ ထုတ်ယူခွင့်ရှိသည်၊

(ဈ) လစဉ်ရငွေသုံးငွေစာရင်းရှင်းတမ်း ပြုစုရေးဆွဲ၍ပြည်နယ်အဆင့်ကော်မတီထံ တင်ပြအတည်ပြုချက်ရယူရမည်။ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကိုပါ ပြုစုရေးဆွဲ၍ ပြည်နယ်အဆင့်ကော်မတီထံ တင်ပြရမည်၊ အဆိုပါနှစ်ချုပ် ငွေစာရင်း ရှင်းတမ်းကို နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ၍ တင်ပြရှင်းလင်းခြင်း၊ အတည်ပြုချက်ရယူခြင်းပြုရမည်။

## အခန်း(၆)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၁၁။ မြို့နယ်အဆင့်ကော်မတီများသည်-

(က) ရန်ပုံငွေ၏ ရငွေသုံးငွေစာရင်းများကို စနစ်တကျထိန်းသိမ်းရေးနှင့် စစ်ဆေးမှုပြုနိုင်ရန် ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို ဆိုင်ရာစာရင်းစစ်ရုံးနှင့် ညှိနှိုင်း၍ သတ်မှတ်ထားရှိရမည်၊

(ခ) လစဉ်ကောက်ခံရရှိသည့် ရန်ပုံငွေများအနက်-

(၁) ဝန်ထမ်းနှင့် မော်တော်ယာဉ်လုပ်သားများ သက်သာချောင်ချိရေးအတွက် ၁၂.၅ ရာခိုင်နှုန်းထက်မပိုသောငွေကို သုံးစွဲခွင့်ရှိသည်၊

(၂) ပြည်နယ်၏ လူမှုရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၁၂.၅ ရာခိုင်နှုန်းထက်မပိုသောငွေကို သုံးစွဲခွင့်ရှိသည်၊

(၃) ကျန်ရငွေ၏ ၅၀ ရာခိုင်နှုန်းအား ဘဏ်ရှိရန်ပုံငွေစာရင်းတွင် ထည့်သွင်းစုဆောင်းထားရှိရမည်၊

(၄) သုံးစွဲခွင့်ရှိသည့် ရာခိုင်နှုန်းများကို ပြည်နယ်အဆင့်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)ပါ ကိစ္စရပ်များအတွက် သုံးစွဲရန်မလိုသောလများတွင် အဆိုပါ အသုံးစရိတ်ငွေများကို ဘဏ်ရှိရန်ပုံငွေစာရင်းတွင် စုဆောင်းထားရှိရမည်။

၁၂။ ရုံးအဖွဲ့မှူးသည်-

(က) ကော်မတီက ဆိုင်ရာစာရင်းစစ်ရုံးနှင့် ညှိနှိုင်းသတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစုထိန်းသိမ်းထားရှိရမည်၊

(ခ) ပုဒ်မခွဲ(က)အရ ပြုစုထားသည့် ရငွေသုံးငွေစာရင်းများကို ပြည်နယ်အဆင့်ကော်မတီ၏ တာဝန်ပေးအပ်သူကဖြစ်စေ၊ ဆိုင်ရာစာရင်းစစ်ရုံး၏ တာဝန်ပေးအပ်သူကဖြစ်စေ စာရင်းစစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း(၇)
## အခွန်အခများ သတ်မှတ်ကောက်ခံခြင်း

၁၃။ မြို့နယ်အဆင့်ကော်မတီများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်အဆင့်ကော်မတီကသတ်မှတ်ခွင့်ပြုသော အောက်ပါအခွန်အခများကိုကောက်ခံရမည်-

(က) မော်တော်ယာဉ်လုပ်ငန်း၏ အသင်းဝင်ရောက်ခြင်းနှင့်သက်ဆိုင်သည့်အခွန်အခများ၊

(ခ) မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ ပြေးဆွဲဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သည့်အခွန်အခများ၊

(ဂ) မော်တော်ယာဉ်လိုင်း၊ မော်တော်ယာဉ်အသင်းနှင့် လုပ်ငန်းပြောင်းလဲခြင်း၊ ခရီးစဉ်ပြောင်းလဲခြင်းတို့နှင့်သက်ဆိုင်သည့်အခွန်အခများ၊

(ဃ) စီမံခန့်ခွဲရေးပြစ်ဒဏ်အရ ရရှိသည့် ဒဏ်ကြေးငွေများ။

၁၄။ ဤဥပဒေအရ သတ်မှတ်ကောက်ခံသည့်အခွန်အခများသည်တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ကောက်ခံနေသော သယ်ယူပို့ဆောင်ရေးဆိုင်ရာအခွန်အခများနှင့် သက်ဆိုင်ခြင်း၊ တူညီခြင်းမရှိစေရ၊ ထပ်မံကောက်ခံခြင်းမဖြစ်စေရ။

## အခန်း(၈)
## ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခံစားခွင့်

၁၅။ မြို့နယ်အဆင့်ကော်မတီများသည်-

(က) ဝန်ထမ်းဖွဲ့စည်းပုံကို ပြည်နယ်အဆင့်ကော်မတီ၏ အတည်ပြုချက်ဖြင့် ရေးဆွဲသတ်မှတ်ခြင်းနှင့် ဝန်ထမ်းများခန့်ထားခြင်း ပြုရမည်၊

(ခ) ဝန်ထမ်းများ၏ လစာနှင့်အသုံးစရိတ်များကို မြို့နယ်အဆင့်ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်နှင့်အတူ ပြည်နယ်အဆင့်ကော်မတီ၏ အတည်ပြုချက်ရယူ၍ ကျခံသုံးစွဲ

ရမည်။ဝန်ထမ်းများအတွက် လစဉ်ကျခံသုံးစွဲရမည့် အသုံးစရိတ်သည် ရငွေ၏ ၂၅ ရာခိုင်နှုန်းထက်မပိုစေရ၊

(ဂ) ဝန်ထမ်းများအား ကြီးကြပ်နိုင်ရေးအတွက် ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်ကို ရုံးအဖွဲ့မှူးအား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း(၉)
## စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၁၆။ မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်နှင့်ညွှန်ကြားချက် တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်ပါက မြို့နယ်အဆင့်ကော်မတီများသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ကို ချမှတ်ရမည်-

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက သတိပေးမှတ်တမ်းတင်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက ကျပ်ငါးသောင်းအထိ ဒဏ်ငွေတပ်ရိုက်ခြင်း၊

(ဂ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုကြီးကြပ်တာဝန်ယူရသော ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဥပဒေနှင့်အညီ တင်ပြချက်အပေါ် မော်တော်ယာဉ်လိုင်း သို့မဟုတ် မော်တော်ယာဉ်လုပ်ငန်းကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း(၁၀)
## အယူခံဝင်ခြင်း

၁၇။ (က) မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအတွက် မြို့နယ်အဆင့်ကော်မတီ၏ ပုဒ်မ ၁၆ အရ ချမှတ်သည့် အမိန့်၊ ဆုံးဖြတ်ချက်များကို ကျေနပ်ခြင်းမရှိသူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်းပြည်နယ်အဆင့်ကော်မတီသို့ အယူခံဝင်နိုင်သည်၊

(ခ) ပြည်နယ်အဆင့်ကော်မတီသည် ပုဒ်မခွဲ(က)အရ အယူခံဝင်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အပေါ် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၈။ (က) ပြည်နယ်အဆင့်ကော်မတီမှ ပုဒ်မ ၁၇ အရ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အပေါ်ကျေနပ်ခြင်းမရှိသူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ရက်ပေါင်း ၃၀ အတွင်းအစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်၊

(ခ) အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်ကော်မတီမှ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် အပေါ် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(ဂ) အစိုးရအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၁၁)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၉။ ကော်မတီ၏စီမံခန့်ခွဲမှုအောက် တရားဝင် ဝင်ရောက်ခြင်းမပြုဘဲ မော်တော်ယာဉ်လုပ်ငန်း လုပ်ဆောင်သည့် ပြစ်မှုကျူးလွန်သူကို တစ်လအထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်နိုင်သည်။

၂၀။ ကော်မတီကထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလွှာ စာရွက်စာတမ်းများကို အတုပြု လုပ်ခြင်း၊ ထင်ယောင်ထင်မှားဖြစ်စေခြင်း၊ ပြောင်းလဲခြင်း ပြစ်မှုကျူးလွန်သူကို ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၁။ ကော်မတီအဖြစ် တာဝန်ဝတ္တရားဆောင်ရွက်ရာတွင်ဖြစ်စေ၊ ဆောင်ရွက်ရန် အားထုတ်ရာတွင် ဖြစ်စေ ယင်းကော်မတီကို ဟန့်တားနှောင့်ယှက်ခြင်း၊ လက်ရောက်မှုပြုခြင်း သို့မဟုတ် အနိုင်အထက် ပြုခြင်းပြစ်မှုကျူးလွန်သူကို တစ်နှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၂။ မည်သူမဆို ကော်မတီလုပ်ငန်း၊ ငွေကြေးကိစ္စ၊ ပစ္စည်းတစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ မရိုးမဖြောင့် သောသဘောဖြင့် အလွဲသုံးစားပြုလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

## အခန်း(၁၂)
## အထွေထွေ

၂၃။ ကော်မတီသည် ဤဥပဒေနှင့်အညီ လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ကိုယ်ပိုင်အမည်၊ ကိုယ် ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့် ရှိသည်။

၂၄။ ပြည်နယ်အဆင့်ကော်မတီ၏ရုံးလုပ်ငန်းကိစ္စရပ်များကို ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးရမည်။

၂၅။ ပြည်နယ်အတွင်းရှိ ယခင်တည်ဆဲ မြို့နယ်မော်တော်ယာဉ်ထိန်းသိမ်းရေးကော်မတီများသည်

ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကော်မတီများထံ လုပ်ငန်းနှင့်ပိုင်ဆိုင်ခွင့်အရပ်ရပ်ကို အစိုးရအဖွဲ့က တာဝန်ပေးအပ်သော အဖွဲ့အစည်း၏ ကြီးကြပ်မှုဖြင့်စနစ်တကျ လွှဲပြောင်းပေးအပ်ရမည်။

၂၆။ ဤဥပဒေအရ တရားစွဲဆိုသော မှုခင်းများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်ရမည်။

၂၇။ တည်ဆဲမော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့်အညီ မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်–

(က) အစိုးရအဖွဲ့သည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် လိုအပ်ပါက အမိန့် ၊ ညွှန်ကြားချက်များနှင့်လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

၂၅ ၊ ၈ ၊ ၁၅

(ဇော်မင်း)

ဝန်ကြီးချုပ်

ကရင်ပြည်နယ်အစိုးရအဖွဲ့

Su Su Aung//GB